
သျှင်မ
အခဆိပ်သင့်ရင်ခွင်

# အခန်း (၁)

လေယာဉ်က တဖြည်းဖြည်း မြင့်တက်သွားခဲ့သည် ။ နယူးယောက် မြင်ကွင်းက တဖြည်းဖြည်း ပျောက်ကွယ်ကျန်ခဲ့၏။ ကျောခိုင်းခဲ့သည့် အရပ်မျက်နှာဟာ အမေရိကန်နိုင်ငံဖြစ်ပြီး ဦးတည်နေသည့် ရှေ့မျက်နှာက တော့ မြန်မာနိုင်ငံ ဖြစ်လေသည် ။

မြန်မာနိုင်ငံကို ရောက်ဖို့ သူ သွားရဦးမှာ ပါ။ တဖြည်းဖြည်း ဝေးကွာကျန်ခဲ့ပြီး တဖြည်းဖြည်း နီးကပ်လာသော ပြောင်းလဲနေသည့် တဖြည်းဖြည်းများ ထဲမှာ လုံးဝ မပြောင်းမလဲ တည်ရှိကျန်ခဲ့သည် က အချစ်။

ဟိုတုန်းကလည်း ချစ်ခဲ့သည် ။ အမြဲတမ်းလည်း ချစ်နေခဲ့ပြီး ခုလည်း ချစ်နေဆဲပဲ ဖြစ်၏။ သို့သော် သူ့ရင်ထဲမှာ မပြောင်းလဲစွာ ချစ်နေဆဲ အချစ်သည် ရင်ထဲမှာ ပဲ ကျန်ရစ်ခဲ့ပါပြီ။

တဖြည်းဖြည်း တစိမ့်စိမ့် ချစ်နေခဲ့သည့် သူ့ကို ချစ်သူက ရုတ်တရက်ကြီး ချန်ရစ် ထွက်ခွာသွားခဲ့၏။ သူမ ပြောခဲ့ဖူးသည် ။

"တဖြည်းဖြည်း... ဟုတ်လား။ ဟုတ်ပါတယ်။ တဖြည်းဖြည်းတော့ ခံနိုင်ရည် ရှိလာမှာ ပါ။ မြသား ကြိုးစားမယ်။ မောင်ကတော့ ထွက်ခွာသွားမယ့်သူပဲ မောင်ရယ်"

ပြောတဲ့ စကားတိုင်းမှာ သူ အဆမတန် ချစ်ခဲ့ရသော အချစ်များအား

လုံးကို မယုံကြည်သော၊ ဘယ်လိုပဲပြောပြော အားမရနိုင်သော၊ သူချစ်သလို မချစ်ဘူးဟု သာ အချိန်ပြည့် မှတ်ယူနေခဲ့သော သူမဟာ မြသားရောင် ဆိုသည့် မိန်းမပဲဖြစ်လေသည် ။

ခုတော့ သူမက ထာဝရ ကျောခိုင်း ထွက်ခွာသွားခဲ့ပါပြီ။

"မသွားပါနဲ့ မောင်ရယ်။ နိုင်ငံခြားမှာ စီပွားရှာမှ မဟုတ်ပါဘူး။ မြသားတို့ မှာ လည်း လုပ်ငန်းတွေ ရှိတာပဲ။ ပြီးတော့ ယောကျ်ားသားလည်း ရှိတာ မဟုတ်ဘူး ။ မောင် ဝင်လုပ်လို့ ရတာပဲ မဟုတ်လား။ အန်တီကတော့ မိဘလိုပဲ အုပ်ထိန်းလာခဲ့တာဆိုတော့ သည်းခံလိုက်ပါ မောင်ရယ်။ ဘယ်မိဘမဆို ဒီလိုအမှားမျိုးတွေ ပြောဆို မှားယွင်းတတ်ကြပါတယ်။ တကယ်တော့ အန်တီက မြသားတို့ ညီအစ်မကို သိပ်ချစ်တာ မောင်ရဲ့ ။ မောင်နဲ့ လက်ထပ်ပြီး မြသား တောင်းပန်လိုက်ရင် ကျေနပ်သွားမှာ
"

အနားမှာ မနေတော့ဖို့ ဆုံးဖြတ်ဖြစ်ခဲ့တာလည်း အန်တီဆိုသည့် မိန်းမကြီးကြောင့်ပဲ။ ဒါက သူ့ရင်ထဲမှာ ဖြစ်သည် ။ နိုင်ငံခြားထွက်တော့မယ်ဆိုတော့ သူမ အမျိုးမျိုးတားသည် ။ ငိုယို တားဆီးမရသောအခါ "မောင်ထွက်သွားရင် မြသားတို့ ဝေးပြီ" ဟု လည်း ခြိမ်းခြောက်ဖူးသည် ။ ဒါပေမဲ့ လေဆိပ်ကို သူမကိုယ်တိုင်ပဲ လိုက်ပို့ရှာသည် ။

"မြသားကို သစ္စာရှိနော်... မောင်။ မြသား မောင့်ကို စောင့်နေမယ်။ သိပ် ဆင်းရဲမခံပါနဲ့ မောင်ရယ်"

လေဆိပ်မှာ လည်း သူမ ငိုသည် ။ ငိုနေရင်း မှာ သည် ။ နောက်တော့ စာတွေရေးပြီး အပြစ်တင်၏။ ဖုန်းဆက်လို့ မရတော့ ပြောမကြသည့်အခါ ဖုန်းထဲမှာ ရှိုက်သံလေးတွေ ပါလာတတ်သည် ။

"မောင်ရယ်... စာလေးတောင် မရေးဘူးလားဟင်။ ဖုန်းဆက်ဖို့

တော့ မောင် အားထုတ်သင့်ပါတယ်”

စသော မြသားထံမှ ကြေကွဲသံစဉ်တွေကို ကြားနေခဲ့ရ၏။ တကယ် မြသား နားမလည်တာပါ။ ဒီလို စွန့်ခွာကျောခိုင်းထွက်ခဲ့တာဟာ မြသားကို ချစ်လွန်းလို့ ဟု ချော့မော့ မပြောဖြစ်ခဲ့ပေမယ့် ရင်ထဲမှာ အခိုင်အမာ ရှိခဲ့သည် ။

မြသားနဲ့ သူ အဆင့်အတန်းက မိုးနဲ့ မြေ။ ဒါပေမဲ့ ချစ်ခဲ့ကြတာ အရူးအမူးပဲ ဖြစ်၏။ မြသားနဲ့ သူ့ရဲ့ အချစ်သက်တမ်းမှာ ခဏခဏ ဖြေရှင်းနေရတာ ‘မြသားချစ်သလို မောင်က မချစ်ဘူး’ ဆိုသည့် စကားနှင့် ဖြစ်၏။

ရင်ထဲမှာ ချစ်နေတာကို သူမ နားလည်စေချင်သည် ။ ဟိုတုန်းကတည်းက သူဟာ လူကြမ်း။ မိဘမဲ့ တစ်ကောင်ကြွက်ဆိုသည့် ဘဝကို ဖြတ်သန်းခဲ့ရသော ယောကျ်ားတစ်ယောက်၏ ဘဝဟာ ဘယ်လိုမှ နူးညံ့သိမ်မွေ့ဖို့ မရှိနိုင်။

ရှိခဲ့ရင်တောင် ထိုယောကျ်ားမျိုး သူ မဖြစ်ခဲ့ပါ။ ဆွေမျိုးနီးစပ်တော်ကြသူတွေ၏ မဖြစ်မလွဲသာသော ပေးကမ်း စွန့်ကြဲစာကို နာကြည်းစွာ မျိုချခဲ့ရင်း ဘဝကို ကိုယ့်အားနဲ့ ကိုယ် ရင်ဆိုင်ဖို့ နည်းလမ်းရှာသည် ။ ဒါပေမဲ့ စာကြီးပေကြီးတွေထဲကလို မြေတောင်မြှောက်မယ့် သူဌေးပဂေးကြီးတွေနဲ့ လည်း မဆုံစည်းခဲ့ပါ။

ရေခဲရေရောင်း၊ ဂျာနယ်ရောင်းနှင့် ပန်းကုံးတွေလျှောက်ရောင်းရင်းနှင့် ဘဝကို ရုန်းကန်ခဲ့ပြီး နောက်ဆုံး သူဌေးကြီးဖြစ်သွားတာမျိုးလည်း သူ့ဘဝ မဟုတ်ခဲ့ပေ။ ဘာမှန်းမသိသော သူဟာ အပေါင်းအသင်းတွေ စုံသည် ။ အရက်၊ လောင်းကစား၊ သူ့အပေါ် ဖျံကျ၊ ကိုယ့်အပေါ်ထိတော့ မခံ၊ ရှုပ်ထွေးသည့် လူပေါင်းစုံ အဖြစ်သနစ် ပေါင်းစုံထဲမှာ သူ မလုပ်ဖူး

တာ မရှိ။ မတတ်တာ မရှိ။

သူဌေးသမီးနဲ့ မှ ချစ်ကြိုးသွယ်မိခဲ့ကြတာကတော့ ဆိုးလွန်းသည့် သူ့ဘဝထဲမှာ ရုပ်ချောတာလေးတစ်ခုကို ကံကောင်းထောက်မစွာ ပိုင်ဆိုင်ခဲ့ခြင်းကြောင့် ထင်သည် ။

လိုလားကြသည့် သူငယ်ချင်းတွေက သူ့ကို 'မင်းသား' ဟု ခေါ်ကြကာ မလိုသူတွေကျတော့ 'ငတွမ်ရုပ်' လို့ မဲ့ရွဲ့ကြသည် ။ မြသားကို သူ ချစ်မိတုန်းကတော့ ကိုးတန်းထိသာ ပညာသင်ခဲ့ဖူးသည့် သူ့အတွက် မြသားက ထိုစဉ်က အတန်းတူ တက်ဖူးတဲ့ သူ ဖြစ်နေတာက အစပြုခဲ့သည် ။

ပြန်ဆုံဖြစ်ကြတော့ နှုတ်ဆက်ဖြစ်ခဲ့သည် ။ နောက် ခဏခဏ ဆုံတော့ မြသားကပဲ လိုက်လိုက်ခေါ်သည် ။ စားသောက်ဆိုင် ထိုင်ကြ၊ အတူသွားလာဖြစ်ကြရင်း ချစ်သူတွေ ဖြစ်ခဲ့တာပါ။

ဒါပေမဲ့ မြသားကို သူ ချစ်သည် ။ မြသားနဲ့ ဆုံမိကာမှ ဘဝမြင့်မားသူတွေကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်ဖို့ အင်အားကို လိုချင်ရကောင်းမှန်း သိလာသည် ။ ထိုအင်အား ရမှ ဖြစ်မည်။ ခွဲခြားနှိမ့်ချပြောတတ်လွန်းသည့် မြသား၏ အဒေါ်ဆိုသူကို နာကြည်းခဲ့၏။

"မင်းကို ကိုယ် ချစ်တယ်။ မင်းအဒေါ်ကိုတော့ မုန်းတယ် မြ။ မင်းကတော့ ကိုယ်ပြောတာကို ကျေနပ်မှာ မဟုတ်ဘူး "

စကားထည့်ပေးလိုက်ပေမယ့် မြကတော့ မချိုပြုံးလေးနှင့် ခေါင်းငုံ့ရှာသည် ။ အစက ပြုံးရယ်လျှောက်လည်ရင်း အချိန်ကုန်တတ်ခဲ့သည့် သူဟာ ကြီးပွားချမ်းသာရေးဘက်ကို လှည့်လာတော့ မြသားက လိုက်ရှာရတဲ့ သူ ဖြစ်လာသည် ။

"နေနိုင်လိုက်တာ မောင်ရယ်။ မောင်က မြသား လွမ်းသလို မလွမ်းဘူးလားဟင်"

"လွမ်းလို့ လာကြည့်တော့ရော မြသားက ထွက်တွေ့ရဲလို့ လား"

လို့ မမေးဖြစ်ပါ။ တိုက်ရှေ့က ဖြတ်လျှောက်လိုက်တာနဲ့ သူ့မှာ သူခိုးလိုလို ကြမ်းပိုးလိုလို။ သူဌေးတွေချောတော့ သန့်လိုက်တာ၊ ခန့်လိုက်တာပေါ့။ ဆင်းရဲတဲ့ ကောင် ချောတော့ 'ရုပ်ပြပြီး ချူစားမယ့်ရုပ်' တဲ့ ။

ရင်ထဲမှာ မြသားကို ချစ်တဲ့ စိတ်က သတ်သတ်။ မာနက တစ်ပိုင်း။ မကျေနပ်ခြင်း ဖြစ်လွယ်သော၊ ဒေါသဖြစ်လွယ်သော၊ သို့သော် မျိုသိပ်ကျပ်ခဲနေအောင် စုဆောင်းပြီးမှ ချက်ကောင်းကို အသေထုလိုက်ချင်သော 'သော' များ စွာထဲမှ သူ့စိတ်ဟာ တုံ့ပြန်လိုစိတ်တွေလည်း ကြီးမားခဲ့ပြန်၏။

ထို့ပြင် တစ်ဖက်သား နားဝင်အောင် ပြောဆိုရှင်းပြဖို့ သူ စိတ်မရှည်တတ်ပေ။ ပြဿနာကြီးငယ် ဘာဖြစ်ဖြစ် ပါးစပ်က နောက်၊ လက်က ရောက်ပြီး ဖြစ်တတ်သူမို့ ရှည်ရှည်ဝေးဝေးတွေ ပြောဖို့ ဝါသနာမပါ။ ကိုယ့်ကို အထင်လွဲ ပြောဆိုနေသူကို ရှင်းပြဖို့ ထက် စိတ်တိုခြင်းသာ ဖြစ်လွယ်၏။

သူ့ဘက်က ဒီလိုမြင်နိုင်တယ်၊ ဒီလိုတွေးနိုင်တယ် ဆိုတာမျိုး ခေါင်းထဲမှာ မရှိ။ ဒါ ပြောစရာလား၊ ဒါလေးတောင် နားမလည်နိုင်ဘူးလား စသော စိတ်မရှည်ခြင်းများကသာ ဒေါသအဖြစ် ဝင်၏။

တကယ်တော့ သူဟာ တစ်ပါးသူအပေါ်ကို နားလည်ဖို့ မကြိုးစားသလို သူ့ကိုတော့ နားလည်ပြီးဖြစ်နေမှ ကြိုက်တဲ့ သူ။

"အဲဒါတော့ မောင် တစ်ကိုယ်ကောင်းဆန်တာပဲ။ မောင့်ရင်ထဲမှာ ရှိ

တာ မပြောဘဲနဲ့ ဘယ်သူက သိမှာ လဲ။ မောင့်ရင်ထဲက ခံစားချက်တွေက မျက်လုံးမှာ စာတန်းတွေ ပေါ်နေတာမှ မဟုတ်ဘဲ။ မြသား မဖတ်တတ်ဘူး”

မြသားနဲ့ သူ စကားများကြတိုင်း ဒါပဲ။

“မောင် နည်းနည်းမှ ဂရုမစိုက်ဘူး။ မြသားကို မောင် မငဲ့ဘူး”

ဒါတွေပဲ ဖြစ်သည် ။ ဒီလိုတွေ ဖြစ်ရလေ သူ စိတ်မရှည်လေ။ ကိုယ်လောဘတက်လာတာ သူမအတွက်။

“မြသားကို လိုချင်လို့ ၊ မြသားရဲ့ အသိုင်းအဝိုင်းထဲ ဝင်ဆံ့ဖို့ ” စသော ရင်ထဲက စကားတွေကို စီကာပတ်ကုံး မပြောတာနဲ့ ဘဲ နားမလည်နိုင်ဘူးလား။ ဒါတွေကို ရှင်းပြနေဖို့ မလို။ တစ်ခါ ပြောထားရင် သိနေရမည် ။ မတွေ့တာကြာတိုင်း၊ ချိန်းတဲ့ နေရာ ရောက်မသွားမိတိုင်း၊ ဘာဖြစ်ဖြစ် သံသယမျက်လုံးတွေ၊ ထေ့ငေါ့စကားတွေ၊ ဒါတွေကို ရှင်းနေရတာ အလုပ်ပိုရှုပ်တာပဲ မဟုတ်ဘူး လား။

တကယ်ဆို “မောင် ကြိုးစားမယ်။ မောင့်ကြောင့် မင်း မျက်နှာမငယ်စေရဘူး” လို့ မြသားကို သူ ပြောခဲ့ဖူးပြီ။ နောက်ပိုင်းမှာ “မောင် ငါ့အတွက် ကြိုးစားနေပါလား” လို့ နားလည်ရမည်။

နှစ်ယောက်ကြားမှာ ထိုပြဿနာပဲ ကြီးထွားနေခဲ့ပြီး အမေရိကန်ကို သွားတော့မယ်ဆိုတော့ မြသား အလူးအလိမ့် ငိုလေသည် ။

“မောင်က မြသားကို စိတ်ဆိုးတာလားဟင်။ မောင်ချိန်းတဲ့ နေ့က မြသား မလာလို့ လား။ မောင်ဖုန်းဆက်တာ မကိုင်လို့ လား”

စသော မေးခွန်းများ နှင့် ရှင်းပြခဲ့ရသည် ။

“ညီမလေးက ရောဂါသည် လေး မောင်။ စာမေးပွဲဖြေခါနီးမှ နှလုံး

ရောဂါ ထလာလို့ ဆေးရုံတင်လိုက်ရတယ်။ မြသားလည်း မောင့်လိုပါပဲ မောင်။ စည်းစိမ်ဥစ္စာရှိပေမယ့် မိဘမဲ့ပါ။ အဒေါ်က ဂရုစိုက်ပေမယ့် စည်းကမ်းကြီးတယ်။ ခပ်စိမ်းစိမ်း နေတယ်။ ညီမလေးဖြစ်တော့ ဂရုစိုက် ပြုစုမယ့်သူ မြသားပဲ ရှိတာ။ မြသားပဲ မိဘ၊ မြသားပဲ အစ်မဖြစ်ရတာ။ နားလည်ပါ မောင်ရယ်၊ မြသားကို ကလဲ့စားချေပြီး ထွက်ဖို့ ကြိုးစားတာဆိုရင် မသွားပါနဲ့ နော်။ မြသား မောင်နဲ့ မခွဲနိုင်ဘူး”

မြသား သူ့ကိုချစ်တာ သူ သိသည် ။ သူချစ်တာကျတော့ မြသားက မသိခဲ့ပါ။ နိုင်ငံခြားမှာ ငွေလိုချင်လို့ အလုပ်တွေ သိမ်းကျုံးလုပ်ပြီး ရသမျှ စုဆောင်းနေတဲ့ ဘဝမှာ စာတစ်စောင်ရေးဖို့ က မလွယ်။ နှစ်ဆယ့်လေးနာရီမှာ နားချိန်လို့ သူ သတ်သတ်သီးခြား ခံစားခဲ့တာ မရှိ။

မလှုပ်ချင်၊ မသယ်ချင် ဖြစ်လာမှ နားသည် ။ စားသောက်ဖို့ ဝမ်းက အော်မြည်လာမှ စားခဲ့၏။ တစ်သက်လုံး ဖြစ်သလို နေလာခဲ့သောဘဝမှ ခုကျမှ ချမ်းသာချင်နေသည့် လောဘတွေက မြသားနှင့်သာ အများကြီး သက်ဆိုင်ပါသည် ။

စာလည်း တကယ် မရေးအားပါ။ စိတ်မှာ ချစ်နေ လွမ်းနေတာကို တွေးပေး၊ စဉ်းစားနေမှ လက်က လုလုပပ ချရေးလို့ ရမည်။ သူ့မှာ တွေးချိန် ငေးချိန် မရှိ။ နားတဲ့ အချိန်ဟာ မျက်လွှာတွေ ပိတ်ချလိုက်တဲ့ အချိန်သာ ဖြစ်သည် ။ ဘယ်နေရာရောက်ရောက် ဖုန်းဆက်လို့ ရသည် ။ မဆက်ဖြစ်တာက စိတ်ကူးမရှိ၍ ဖြစ်၏။ ဒါ မချစ်လို့ မဟုတ်ပါ။

ချစ်ပြီးသည့်အချစ်က ရင်ထဲမှာ သိမ်းဆည်းခိုင်မာပြီးသား။ သူမအတွက် ထွက်ခဲ့ပါသည် ဟု လည်း ပြောခဲ့သည် ။ သူ ကြိုးစားနေတာပဲလို့ နားလည်ရမည်ပေါ့။ ဖုန်းဆက်ပြီး ပြောတော့လည်း ‘သတိရလိုက်တာ မြရယ်’ ဆိုတာပဲ မဟုတ်လား။

"မောင်ရယ်... ချစ်သူက ချစ်တယ်လို့ ပြောတဲ့ စကားကို ဘယ်နှခါကြားကြား ရိုးတယ်ရှိမလား"

မြသားက တောင့်တောင့်တတ ပြောဖူးသည် ။ သူကတော့ မပြောချင်ပါ။ ပြောမှ သိရအောင် အချစ်ဆိုတာ လက်တို့ ပြောရမည့် သတင်းစကားတစ်ခု မဟုတ်။ အယူအဆက မတူညီခဲ့ဘဲ ချစ်သူတွေ ဖြစ်လာခဲ့သည် ။ ဘယ်နေရာမှာ မှ မတိုက်ဆိုင်ဘဲ ချစ်သူတွေ ဖြစ်ခဲ့ကြပေမယ့် သူ ယုံကြည်သည် ။ မြသားဟာ သေဆုံးသွားသည် အထိ သူ့ကို ချစ်လျက်ရှိလိမ့်မည်။

တမန်

မြသားတစ်ယောက်တော့ ဆုံးသွားပြီ။ အပြင်းအထန်ဖျားပြီး သုံးရက်ပဲ ကြာတယ်... ဆုံးသွားတာပဲ။ မင်းပြန်လာမယ်လို့ ဖုန်းဆက်တဲ့ နေ့က သင်္ကြိုဟ်မယ့်နေ့ပေ့ါ။ လောလောဆယ် မပြန်ချင်သေးရင် နေလိုက်ဦးကွာ။ မင်းခံစားရမှာ ငါ သိတယ်။ သိသာသိစေ မမြင်စေနဲ့ တဲ့ ။ အေးဆေးမှ သာ ပြန်ခဲ့တော့။ မင်းကို မျှော်လင့်သူမှ မရှိတော့တာ။

စိတ်မကောင်းစွာဖြင့်

ညီညီ

လူကြုံနှင့် ပေးလိုက်သည့်စာကို သူ အမှတ်ရတိုင်း ထုတ်ဖတ်နေခဲ့သဖြင့် အလွတ်တောင် ရနေပါပြီ။ တကယ်လည်း သူ မပြန်ဖြစ်တော့ဘဲ နေခဲ့သည် ။ ချစ်သူကို စွန့်လွှတ်လိုက်ရပြီဆိုတော့ စီးပွားရေး၊ လူမှုရေးအားလုံးဟာ အချစ်မီး၏ လောင်မြိုက်မှုအောက်မှာ အကုန်လုံး ကျွမ်းလောင် ပြာကျခဲ့ရသည် ။

သူ့မှာ စည်းစိမ်ချမ်းသာတွေ ရှိနေခဲ့ပြီ။ မြသား၏ အသိုင်းအဝိုင်းကို

လက်တို့ စိန်ခေါ်ရဲတဲ့ အဆင့်အထိ သူ အများကြီး မြင့်မားခဲ့သည် ။ မြသားကို သူ့အသိုင်းအဝိုင်းထဲကနေ ခေါ်ထုတ်ချင်သည် ။ တစ်ထီးတစ်နန်း ထား၍ နှစ်ယောက်တစ်ဘဝကို တည်ဆောက်မည်။

"နားလည်ပြီလား မြသား။ ကိုယ်ကြိုးစားနေတာ မင်းအတွက်ပဲ ဆိုတာ"

ဒီစကားတွေ ပြောပြီး သူ ကြိုးစားခဲ့သမျှကို လက်တွေ့ပြဖို့ အချိန်တန်ပြီဟု တွက်မိခဲ့၏။ ခုတော့ သူ့ဘဝကြီးတစ်ခုလုံး အဓိပ္ပာယ်မဲ့ခဲ့ပြီ။

အစကတည်းက တစ်ကောင်ကြွက်ဘဝဟာ ခုလည်း လေယာဉ်ပေါ်က ဆင်းခဲ့သည့်သူ့ကို ကြိုမယ့်သူ မရှိပါ။ ဘယ်လောက်ထိ စိတ်ပျက်ခဲ့သလဲဆိုလျှင် ညီညီ့ကိုတောင် သူပြန်ဖို့ ရက်ကို နောက်ထပ် ဖုန်းမဆက်ဖြစ်ခဲ့။ သူ့ဘဝမှာ သူမှ လွဲ၍ သူငယ်ချင်းကောင်းလေး တစ်ယောက်သာ ရှိတော့သည် ။ သူက ညီညီပဲ ဖြစ်၏။

လေဆိပ်မှာ ပစ္စည်းရွေးပြီးတာနဲ့ သူ ဖုန်းဆက်လိုက်သည် ။

"ညီညီ"

"........."

"အေး... အခု လေဆိပ်မှာ "

"........."

"မလာနဲ့ တော့ ဒီကို။ ငါ မြသားအတွက် ပန်းစည်းသွားချမယ်။ မင်း အဲဒီကိုပဲ လိုက်ခဲ့တော့"

ဖုန်းချလိုက်ပြီး လက်က မလွှတ်ဖြစ်။

"မြသားရယ်၊ မင်း မောင့်ကို ခွင့်လွှတ်ပါ"

အံကြိတ်ရလွန်းသဖြင့် သွားခြေတွေပင် နာနေခဲ့သည် ။

"မြသား… မင်း တစ်ကိုယ်ကောင်းဆန်တယ်၊ မြသားချစ်သလို မချစ်ဘူးဆိုတဲ့ မောင်လေ။ မင်းကို ဆုံးရှုံးလိုက်ရလို့ မျက်ရည်ကျခဲ့ဖူးတာ ဒါပထမဆုံးပဲ"

မောင့်မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ်နေပြီ အချစ်ရယ်။ မင်းကို ပြန်လိုချင်တယ်။

*

# အခန်း (၂)

အုတ်ဂူလေးက ဂူတွေထဲမှာ ပန်းနုရောင်လေးမို့ ထင်းနေသည် ။ အမှိုက်သရိုက်မှုန်မွှား ဘာမှ မရှိဘဲ ညှိုးလုလု နှင်းဆီပန်းစည်းလေး တစ်စည်းပဲ ရှိ၏။ ပန်းစည်းကလေးမှာ အနီရောင် ကတ်ထူပြားလေးနှင့် စာကြောင်းလေးနှစ်ကြောင်း။

“မမ… ဘဝဆက်တိုင်းမှာ ချစ်သူ၏ ချစ်ခြင်းကို ပိုင်ဆိုင်နိုင်ပါစေ”

ရွှေသား

ကတ်ထူပြားလေးပေါ်က စာကို ခေါက်တုံ့ခေါက်ပြန် ဖတ်ရင်း သူ မျက်မှောင်ကုတ်သွားခဲ့၏။ ရွှေသား ဆိုတာ မြသားရဲ့ ညီမပဲ ဖြစ်လိမ့်မည်။ ကိုယ်ကို မတ်တတ်ပြန်ရပ်ကာ မြင်သာအောင် ပက်လက်ကလေး ထားခဲ့လိုက်သည့် ကတ်ထူပြားလေးကိုပဲ စူးစိုက်ကြည့်နေမိသည် ။

ဒီကောင်မလေး ဘာဖြစ်လို့ ဒီလိုရေးတာလဲ။ မြသားက သူ့အပေါ်မှာ လွမ်းသမျှ ဆွေးသမျှတွေ ပြောပြထားခဲ့သလား။

သူ့ကို တိုက်ရိုက်ပြောခဲ့ဖူးသည့် စကားမျိုးတွေ ဒီကောင်မလေးကို ဖွင့်ပြောခဲ့တာလား။ ပို၍ သေချာသွားခဲ့သည် က မြသည် သေဆုံးသွားချိန်မှာ သူ့ဘက်က ရက်စက်စိမ်းကားစွာ နေရက်သည် ဟု အထင်လွဲစိတ်နှင့် ကြေကွဲလျက် ဖြစ်လိမ့်မည်။

မြသားရယ်… မင်း ဒီလို မထင်သင့်ဘူး။ မောင့်ဘဝက မင်းပါ။ မင်း

အတွက် မောင် လောဘကြီးခဲ့တာ။

မျက်ရည်က ဖိတ်ခေါ်စရာမလိုဘဲ ရောက်လာသည် ။ မျက်ရည်ကျရမှာ ကို ရှက်တတ်သည့် မာနက အံကြိတ်၍ တားဆီးချုပ်တီးနေမိသည် ။ ချစ်တာက သတ်သတ်ပါ။

ကိုယ့်ဘ၀ ငယ်ငယ်ကတည်းက အထုအထောင်း ဒုက္ခအမျိုးမျိုး ဖြစ်ခဲ့တုန်းကတောင် သူ မျက်ရည်မကျခဲ့ဖူးပေ။ မိန်းမတစ်ယောက်အတွက် မျက်ရည်လည်ရွဲဖြစ်ဖို့ အထိ မပျော့ညံ့ချင်။

ပြန်လည် ဆုပ်ဖမ်း၍ မရနိုင်တော့တာကို တမ်းတငိုကြွေးရင်း အရာအားလုံးသည် အရည်ပျော်ပစ်ဖို့ အထိ မမိုက်မဲမိအောင် ထိန်းချုပ်နေရသည် ။ ချစ်သူကိုယ်တိုင်ကမှ နားမလည်ခဲ့သည့် ကိစ္စတစ်ခုမှာ ကျန်ခဲ့သူဘက်က ဘယ်လိုပဲထင်ထင် သူ ဂရုမစိုက်တော့ပါ။

ပန်းစည်းကလေးချ၍ မြသားအတွက် သူ ဆုတောင်းပေးမိသည် ။ မြန်မာပြည်ကို ပထမဆုံးခြေချခဲ့မိသည့် အချိန်မှာ သူ မျက်ရည်ကျခဲ့သည် ။ အရင်ဆုံးရောက်ခဲ့သည့် အရပ်ဟာ သုသာန်မြေ။

မောင့်ဘ၀၊ မောင့်အချစ်အားလုံး မင်း ယူသွားပါ မြသားရယ်။ မောင့်အချစ်အားလုံး မင်း ပိုင်ပါတယ်။

တိတ်ဆိတ်စွာ လှည့်ပြန်ခဲ့ရင်း ခြေလှမ်းတို့ က နှေးကွေးနေခဲ့သည် ။ ထိုအချိန်မှာ သူ့နံဘေးတစ်ဖက် လမ်းပေါ်မှ ပတ်ကွေ့ဝင်လာသည့် ဆလွန်းကားအဖြူလေးတစ်စီးကို မျက်လုံးက ရောက်သည် ။ အမှတ်တမဲ့အကြည့်မှာ သတိတရမဖြစ်ဘဲ မျက်နှာလွှဲခဲ့သည် ။

ညီညီစောင့်နေသည့် ကားနားရောက်တော့ ထိုကားအဖြူလေးက ခပ်လှမ်းလှမ်းမှာ ရပ်တန့်ပြီး ဖြစ်၏။ ညီညီက သူ့ကိုမြင်မှ ကားအဖြူလေး

ဆီကို သိသာအောင် လှမ်းကြည့်ပြသည် ။

"တမန်"

သူ ကြည့်လိုက်တော့ ထိုကားကိုပဲ မသိမသာ မျက်ခုံးပင့်ပြကာ…

"အဲဒါ မြသားရောင်ရဲ့ ညီမ ရွှေသားသွင်"

"ဘာ"

တမန့်မျက်လုံးတွေ စူးစူးရဲရဲ ရောက်သွားသည် ။ ကားအဖြူလေးပေါ်က ဆင်းလာတာ နှစ်ယောက်။ တစ်ယောက်သည် ပခုံးလောက်သာသာ ဆံနွယ်လေးတွေ ပြန့်လျက်သားနှင့် ခါးစည်းပါသော ခြေဖျားအထိပုံနေသည့် ဂါဝန်ဖြူလေးကို ဝတ်ထားသည် ။

အရပ်အမြင့်က မြသားထက်ပိုချင်သည် ။ ဒါပေမဲ့ မြသားလို ကိုယ်လုံးမလှဘဲ ခပ်ပိန်ပိန်ပုံစံလေးမှာ အသားဖြူခြောက်ခြောက်လေးနှင့် မြသားလောက် မလှဘူးလို့ ပဲ ကောက်ချက်ချမိသည် ။

သူမဘေးမှာ အသတ်လတ်ရုံ၊ အရပ်အနေတော်နှင့် ချောချောသန့်သန့် လူငယ်တစ်ယောက် ပါနေသည် ။ ထိုလူရွယ်သည် သူမ၏ လက်ဖျားလေးကို ထွေးဆုပ်ထား၏။ ဘယ်လိုပတ်သက်ကြမှန်း မသိပေမယ့် မောင်နှမ မဟုတ်ဘူး ဆိုတာတော့ သိသာပါ၏။ သူ မသိသော်လည်း ညီညီကတော့ သိနေသည် ထင်သည် ။ သူ့ပခုံးကို ဖျတ်ခနဲပုတ်၍ ကပ်ပြောသည် ။

"ငါ ပြောပြမယ်။ သွားရအောင်"

ညီညီက ကားပေါ် အရင်တက်သည် ။ တမန် ဘေးကနေ ဝင်ထိုင်လိုက်၏။ သူတို့ ကားလေး သုသာန်မြေထဲက ပြန်ထွက်လာစဉ် အုတ်ဂူတွေဘေးက ဖြတ်တော့ လျှောက်လှမ်းနေသည့် ရွှေသား၏ မျက်ဝန်းလေး

တွေ ကားဆီဝေ့သွားသည် ။

“စည်း”

“ဘာလဲ”

“ဟိုကားက စောစောက တို့ ကားရှေ့မှာ ရပ်ထားခဲ့တဲ့ ကားမို့လား”

“ဟုတ်မှာ ပေါ့”

ရွှေသားက ဟိုကားလို့ ပြောလိုက်ပေမယ့် စည်းက လိုက်လှည့်မကြည့်ပါ။

“အဲဒီကားပေါ်ကလူ နင်တွေ့လိုက်လား”

ဟု ထပ်မေးတော့မှ ပျောက်ကွယ်သွားပြီဖြစ်သည့် ကားဆီ လှမ်းကြည့်ပြီး စည်းက ရွှေသားဘက်လှည့်၏။

“မတွေ့ဘဲ နေမလား။ လူက ကျွဲပေါက်နွားပေါက်ကြီးနဲ့ ဝတ်ထားလိုက်တာ ရုပ်ရှင်မင်းသားလိုလို လူကြမ်းကြီးလိုလို အဲဒါ ဘာဖြစ်လို့ လဲ”

ပြောချင်တာက တခြား၊ စည်း ပြန်ပြောလိုက်တာက တခြား။ ရွှေသားက ပန်းစည်းလေးကို ရင်ဘတ်မှာ ကပ်လိုက်ရင်း စည်းကိုကြည့်သည် ။ ဒီတစ်ယောက်ဟာ ငယ်ငယ်တုန်းက အကျင့်ကို မပျောက်သေးပါလား။ သူသာ တော်သည် ၊ သူသာ ကောင်းသည် ၊ တခြားလူဆို အလကား။ အထူးသဖြင့် အရပ်မနိမ့်မမြင့်နှင့် သူ့ကိုယ်နဲ့ ယှဉ်ကာ အရပ်မြင့်တဲ့ ယောကျ်ားတွေဆို ကြည့်လို့ မရတဲ့ သူ။

တကယ်တော့ ဒီယောကျ်ား အတော့်ကို ကြည့်ကောင်းပါသည် ။ ရှားပါသော အရပ်အမြင့်နှင့် သူ့ပုံစံက ထင်းနေသည် ။ အနောက်တိုင်းဝတ်စုံ ပေမယ့် နက်ခ်တိုင် မပါ။ ပခုံးအောက်သာသာထိ ရှည်သော ဆံပင်တွေ

က နောက်မှာ စုစည်းထားသော်လည်း ခလယ်ခွဲထားသည့် ထိပ်နှစ်ဖက်မှ စ၍ အကုန်လုံးနီးပါးက ဖရိုဖရဲ ပြန့်ကျနေ၏။ ဒီလူ ဒီထဲက ထွက်လာတာပါ။ သူထွက်လာတော့ ရွှေသား ကားပေါ်ကတောင် မဆင်းရသေး။

ဘာလာလုပ်တာလဲ။ သူ ဒီထဲမှာ လွမ်းသူ့ပန်းခြင်း လာချတာဆိုရင် ...။

မျက်လုံးတို့ က လှမ်းမြင်နေရဖြစ်သည့် မမ၏ အုတ်ဂူလေးဆီ ကြည့်လိုက်ပြီးသား ဖြစ်သွားသည် ။

အနီရောင် သစ္စာပန်းတွေချည်း လှပစွာ စည်းနှောင်ထားသည့် ဖဲပြား လှလှလေးနှင့် ထုပ်ပိုးထားသော ပန်းစည်းတစ်စည်း။

ရွှေသား ခြေလှမ်းတွေ ပို၍ သွက်သွားသည် ။ စည်းကတော့ ရွှေသား တွေးသလို တွေးမိပုံမပေါ်ဘဲ တစ်လှမ်းချင်း လျှောက်ရင်းနှင့် မျက်မှောင်ကုတ်လျက် ကျန်ခဲ့လေသည် ။

ရွှေသား ဂါဝန်စလေး မ၍ သွားရင်း အုတ်ဂူဘေးမှာ ရပ်လိုက်၏။ ဟုတ်ပါသည် ။ သစ္စာပန်းတွေပဲ ဖြစ်၏။ အောက်မှာ ကတ်ပြားလေး ပါသေးသည် ။ မ ကိုင်ထားသည့် ဂါဝန်စကို လွှတ်ချကာ ကတ်ပြားလေးကိုပဲ လှန်ကြည့်လိုက်မိသည် ။ ကတ်ပြားပေါ်မှာ ရေးထားတာက ‘မောင်’ တစ်လုံးတည်း။

ဒါပေမဲ့ ရွှေသား နားလည်လိုက်၏။ သူမ ထင်သလိုပါပဲ။ ထိုသူဟာ ‘ နေတမန်’ ပဲ ဖြစ်နေခဲ့၏။

နေတမန်...။ သူ့ကို မမက မောင်လို့ ခေါ်သည် ။

“ညီမလေးရယ်၊ မောင့်ကို မမကပဲ ချစ်နေရတာ ထင်တယ်။ သူလေ ... မမကို သိပ်ရက်စက်တာပဲ။ သူ့ကို မမ မသွားနဲ့ လို့ အတန်တန်တား

တယ်။ သူ ခွတ်ထွက်သွားတာ… သိလား”

မမဆီကနေ အမြဲတမ်းပဲ ကြားနေခဲ့တဲ့ ‘မောင်’။ ရင်ဖွင့်ကြဖို့ ဒီညီအစ်မနှစ်ယောက်ပဲ ရှိသည် ။ ရွှေသားက နှလုံးရောဂါသည် မို့ ပို၍ ကိုယ်ဖိရင်ဖိ ရှိခဲ့ရင်း မမနဲ့ ညတိုင်း ဒီစကားတွေပဲ ပြောဖြစ်ခဲ့ကြသည် ။

နေတမန်ဆိုတာကို တစ်ခါမှ မမြင်ဖူးခဲ့ဘဲ မမပါးစပ်ထဲကပဲ ‘မောင်’ အဖြစ်နှင့် အမြဲတမ်း ကြားသိရင်းနှီးနေခဲ့သည် ။ ရွှေသားတို့ မှာ အဒေါ်နှင့်သာ ကြီးပြင်းခဲ့ကြရတာမို့ မိဘမေတ္တာ ငတ်မွတ်ခဲ့ရပါသည် ။ အဒေါ်ဟာ ဝတ္တရားကျေခဲ့သော်လည်း ယုယကြင်နာစွာ မွေးမြူခဲ့တာမျိုးတော့ မဟုတ်။

“မိန်းကလေးဆိုတာ ရောင်းကုန်ပဲ” ဆိုသည့်စကား ခဏခဏ ပြောတတ်သည် ။ သူမတို့ ကိုတော့ ဣန္ဒြေသိက္ခာရှိဖို့ စကားစပ်မိတိုင်း ပြောတတ်ပေမယ့် အဒေါ်ကိုယ်တိုင်ကျတော့ ဂုဏ်ပကာသနကို မက်မောလွန်းပြန်၏။

ရွှေသားတို့ အရွယ်ရောက်တော့မှ မိန်းကလေးဆိုတာ ရောင်းကုန်ပဲ ဟု ဟိုတုန်းကတည်းက ပြောနေတတ်သည့် ထိုစကားကို နားလည်လာခဲ့သည် ။ ရွှေသားကတော့ ခဏခဏ ဆေးခန်းပြ၊ ဆေးရုံရောက်နှင့် ရောဂါသည် လေးမို့ မမတစ်ယောက်ဟာ ဒေါ်လေး စီမံသမျှမှာ မလှုပ်နိုင် မကယ်နိုင် ဖြစ်ရရှာ၏။

တကယ့်သူဌေး ဆိုတာတွေနှင့် စေ့စပ်ဖို့ ၊ လက်ထပ်ဖို့ တိုက်တွန်းသလိုလို၊ ဆုံးမသလိုလိုနှင့် နောက်ဆုံးမှာ ‘ဦးအိုက်စံ’ ဆိုသည့် တစ်ခုလပ်သူဌေးကြီးနှင့် လက်ထပ်ပေးဖို့ စီစဉ်တော့သည် ။ ထိုအချိန်မှာ မမ၏ မောင် ဆိုသူမှာ နိုင်ငံခြားမှာ ပါ။

“ညီမလေးရယ်… နင့်ရောဂါကို မမ ယူလိုက်ချင်တယ်… သိလား။ မ

မသာ ရောဂါသည် ဆိုရင် ခုလို စိတ်ဆင်းရဲရမှာ မဟုတ်ဘူး ”

မမ အလူးအလိမ့် ငိုရှာသည် ။ ဒီမှာ မလိုချင်လို့ ချစ်သူကို အားကိုးဖို့ ကျတော့လည်း အနားမှာ မရှိ။ ဖုန်းဆက်လို့ မရ။ အလွယ်တကူ မဆက်သွယ်နိုင်။

“မောင်က ထွက်သွားကတည်းက မမကို မေ့သွားခဲ့သလိုပဲ ရှေ့သွားရယ်။ မမအတွက် သူ ကြိုးစားနေတယ်ဆိုတဲ့ ခေါင်းစဉ်နဲ့ အလုပ်ကိုပဲ ကုန်းရုန်းလုပ်နေတာ။ စာလေး၊ ဖုန်းလေးနဲ့ တောင် ဆက်သွယ်ဖော်မရဘူး ”

“မမရယ်… သူက နောက်တစ်ယောက် တွေ့နေတာ ဖြစ်မှာ ပေါ့။ ကိုယ့်ကို မချစ်မှန်း သိရက်နဲ့ ”

“ မဟုတ်ဘူး … အဲဒီလိုလည်း မဟုတ်ဘူး ”

ဝေဖန်တော့လည်း မမက ကာကွယ်ပြန်သည် ။

“သူ မမကိုချစ်တယ်။ အဲဒါ မမ သိတယ်။ ဒီလို ရှုပ်ရှုပ်ပွေပွေလည်း ဝါသနာပါတဲ့ သူ မဟုတ်ပါဘူး။ သူက အငြိုးကြီးတယ်၊ မျိုးသိပ်တတ်တယ် ရှေ့သားရဲ့ ။ အန်တီလေး ပြောတဲ့ စကားတွေကို နာကြည်းသွားတာ။ အဲဒီစကားတွေနဲ့ လမ်းခင်းပြီး သူ ထွက်သွားတာ။ မမအတွက် ကြိုးစားတယ်ဆိုပေမယ့် အန်တီ့ကို တုံ့ပြန်ချင်တဲ့ စိတ်က များ နေတာ။ မမ ဝမ်းနည်းတာ အဲဒါကိုပဲ။ အချစ်စစ်ဆိုတာ လွယ်ကူချောမွေ့ခဲ့တာ ရှိလို့ လားညီမလေးရယ်။ ဒီဒဏ်တွေကို သူ စိတ်မရှည်ဘူး”

သူ ဆက်သွယ်ချင်မှ ဒီကနေ ပြောခွင့်ကြားခွင့်ရသော အနေအထားမှာ မမဟာ တခြားတစ်ယောက်နဲ့ လက်ထပ်ရဖို့ ဖြစ်လာတော့ ဘယ်ကို တိုင်ရမှန်းမသိ။ ဘယ်လို အကြောင်းကြားရမှန်း မသိနဲ့ ငိုကြွေးရင်းနဲ့ ပဲ

ထွက်ပေါက် ပိတ်နေခဲ့ရှာသည် ။

ထိုအချိန်မှာ မမရဲ့ သောကကို ရွှေသားလည်း မျှဝေမခံစားပေးနိုင်ခဲ့ပေ။ ဘာဖြစ်လို့ လဲဆိုလျှင် ရွှေသား ဆေးရုံတက်နေခဲ့၍ ပါ။

“ညည်းအစ်မကို ညည်း ဆေးရုံကဆင်းတာနဲ့ လက်ထပ်ပေးတော့မှာ ”

ဟု ဆေးရုံမှာ အန်တီပြောခဲ့သည် ။ မမ ဘယ်လောက်ထိ စိတ်ဆင်းရဲလိုက်မလဲ။ ရွှေသားလည်း ဆေးရုံမှာ ပဲ မမအတွက် သောကတွေ မျှဝေခံစားရင်း ရောဂါတွေ ပိုတိုးခဲ့လေသည် ။

နောက်ရက်ပိုင်းမှာ ပဲ မမ ဆေးရုံရောက်လာခဲ့သည် ။ ထို့နောက်မှာ …

“ရွှေသား”

“ဟင်”

‘မောင်’ စာလုံးလေးနှင့် ကတ်ပြားကိုရော၊ ငေးကြည့်ပြီး အတိတ်မေ့သွားသလို တောင့်တင်း ငြိမ်သက်နေသည့် ရွှေသားကိုရော စည်းက တစ်လှည့်စီကြည့်၍ ပန်းစည်းကိုပါ ကောက်ယူလိုက်၏။

“မလုပ်ပါနဲ့ … သူများ ပစ္စည်းကို”

“ဒါ ဘယ်သူ့ဟာလဲ”

ရွှေသားက စည်းလုပ်ပုံကို မနှစ်မြို့သည့် မျက်နှာလေးနှင့် ပန်းစည်းကို ပြန်လုလိုက်သည် ။ နေရာတကျ ပြန်ထားပြီးမှ …

“စောစောကလူပဲပေ့ါ”

“ငါ ထင်သားပဲ”

“ဘယ်သူလို့ ထင်တာလဲ”

“ဒီမှာ မောင်လို့ ရေးထားမှ တော့ မမမြသားရဲ့ ချစ်သူဆိုတာပေ့ါ”

ရွှေသား ခေါင်းလေးညိတ်ကာ…

“သူ ခုမှ ပြန်ရောက်တာ ထင်တယ်”

ဟု တိုးတိုးလေး ပြောသည် ။

“ဘယ်တုန်းက ရောက်ရောက် အလကား လူကြားကောင်းအောင် ဝတ္တရားကျေ လာလုပ်တာ။ ဒီမှာ ကြည့်စမ်း… ကတ်မှာ စာရေးတာပဲ ဒီထက်ရှည်ရှည်ရေးလို့ မရဘူးလား။ သေသွားတဲ့ လူကို ဘာလေးညာလေး ထည့်မပြောလိုက်ချင်ဘူးလား။ ရေးလိုက်တာ စာလုံးလေးတစ်လုံးတည်း။ မောင် တဲ့ … ဟွန်း”

ရွှေသားလည်း ကတ်ပြားလေးကို နောက်ထပ်ကြည့်၍ မျက်ဝန်းလေးတွေ အေးစက်စက် ဖြစ်သွားသည် ။ ဒါဟာ တကယ်ပဲ ဝတ္တရားကျေဆန်ဆန် လုပ်သွားတာ သိသာလွန်းပါသည် ။

“သူက ချစ်ပေမယ့် မလိုက်လျောတတ်ဘူး ရွှေသားရဲ့ ။ သူလုပ်တာကို ဘယ်သူ ဘာထင်ထင် ဘယ်လိုပဲ ဝေဖန်ဝေဖန် ဂရုမစိုက်ဘူး” တဲ့ ။

ဒီလိုလူမှာ သိပ်ချစ်တတ်တဲ့ ချစ်သူတစ်ယောက်ကို ပိုင်ဆိုင်နိုင်ခဲ့တာ အံ့သြစရာပါပဲ။

“အဲဒီလိုလူကို မမက ဘာဖြစ်လို့ စိတ်ဆင်းရဲခံပြီး ချစ်နေရတာလဲ”

လို့ မေးတော့…

“မသိဘူး။ မမ သူ့ကို ချစ်တယ်။ သူက ဘယ်ယောက်ျားနဲ့ မှ မတူဘူး ။ နောက်ဆုံးတော့ အဲဒီလို ရက်စက်တတ်လို့ ပဲ ထင်ပါတယ် ညီမလေးရ

ယ်။ ဘယ်လိုမှ ကို မုန်းကြည့်လို့ မရဘူး”

ရွှေသား ဆံပင်တွေကို လေနဲ့ လွင့်ခါသွားတာကို လက်ကလေးတစ်ဖက်နဲ့ ဖိကပ် ထားလိုက်သည် ။ သူမအရင် ချထားခဲ့တဲ့ ပန်းစည်းအဟောင်းလေးကို ကြည့်သည် ။ စည်းက အလိုက်တသိ ဖယ်ရှားပေး၏။

ပြီးတော့ သူမ ကိုင်ထားသည့် ပန်းစည်းလေးကို ထိုနေရာမှာ ရွရွလေး ချပေးသည် ။ ရွှေသားက အုတ်ဂူလေးဘေးမှာ ဒူးထောက်ထိုင်ချလိုက်ပြီး လက်အုပ်ချီသည် ။ စည်းက ခပ်လှမ်းလှမ်းမှာ သွားရပ်နေခဲ့၏။

ရွှေသား လက်အုပ်ချီရင်း မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည် ။

“မမရယ်… မမရဲ့ ချစ်သူ မမကို လာနှုတ်ဆက်တယ်။ သူ ဘယ်လိုပုံစံနဲ့ ပဲ လာလာ မမ ကျေနပ်ပေးဦးမှာ ပဲမို့လား။ ဒါပေမဲ့ နောက်ဘဝထိတော့ မမ သူ့ကို စွဲလမ်းမသွားနဲ့ မမရယ်။ ဒီလူနဲ့ ဒီဘဝမှာ ပဲ ရေစက်ကုန်ပါစေတော့နော်။ မမကို ရွှေသား နှမြောတယ်။ ဒီလိုလူနဲ့ သဘောမတူဘူး။ မမ သူ့ကြောင့် သေရတာ ရွှေသားသိတော့ ပိုပြီး ရင်နာတယ်။ မမရဲ့ နှလုံးသားကို ရထားပေမယ့် သူ့ကို မမလိုတော့ ရွှေသား မကြည်ဖြူနိုင်ဘူး။ မုန်းတယ်… သိလား”

မမကို သေစေခဲ့တဲ့ သူ၊ မမကို ရက်စက်တဲ့ သူ၊ ရွှေသား သူ့ကို မုန်းတယ်။

*

# အခန်း (၃)

"မုန်းတာ မမုန်းတာ မသိဘူး။ မင်းကို မကြည့်မှာ တော့ သေချာတယ် တမန်။ တို့ ကား ဖြတ်လာတော့ သူ လှမ်းကြည့်လိုက်တာ ငါ မြင်တယ်။ ပန်းစည်းကိုတွေ့ရင် မင်း ဘယ်သူဆိုတာ သူ ခန့်မှန်းမိမှာ ပဲ"

ညီညီက စကား ခဏရပ်ပြီးမှ ...

"သူ့ရဲ့ ဘယ်ဘက်ရင်အုံမှာ မင်းချစ်သူရဲ့ နှလုံးသား အစားထိုးရှိနေတာ မှန်ပေမယ့် မင်းချစ်သူ မင်းကိုမြင်သလို သူ မြင်မှာ မဟုတ်ဘူး လို့ ငါ ပြောရဲတယ်"

ကော်ဖီဆိုင်ထဲမှာ လူသိပ်မရှိပါ။ စားပွဲတိုင်းမှာ လူရှိနေပေမယ့် ခပ်ကျဲကျဲပဲ ဖြစ်၏။ ညီညီပြောသမျှသည် သူ့နားထဲမှာ ပဲရှိကာ တမန့်မျက်လုံးတွေက အတော်ပြောင်းလဲသွားပြီဖြစ်သည့် ကော်ဖီဆိုင်လေးကိုပဲ ဝေ့ဝဲကြည့်နေခဲ့သည် ။

သူ့ရင်ထဲမှာ ပြောင်းလဲခြင်းကို လက်ခံနိုင်ဖို့ ကြိုးစားနေခဲ့တာဖြစ်သည် ။ ဒီဆိုင်လေးဟာ ဟိုတုန်းက ဒီထက်ပိုသေးသည် ။ ဒါပေမဲ့ လူတွေ အမြဲတမ်း ကျပ်ညပ်နေအောင် စည်ကားခဲ့သည် ။ သူနဲ့ မြသားတို့ ဒီဆိုင်လေးမှာ ပဲ ချိန်းဖြစ်ခဲ့၊ တွေ့ဖြစ်ခဲ့တာ များ ပါသည် ။ အကြောင်းက ဆိုင်ရှေ့မှာ ကားပါကင်မရှိ။ အချက်အချာမဟုတ်သည် မို့ ကားသွားကားလာလည်း ဆိုင်ရှေ့မှာ မရှုပ်ပေ။

ဖြတ်သွားဖြတ်လာ လူတွေပဲများကာ အနီးအနားရပ်ကွက်က လူတွေပဲ အထူးသဖြင့် အလယ်အလတ်တန်းစား လူတွေပဲ များ ပါသည် ။ ဖိမ်ခံကားကြီးတွေလည်း ဝင်ထွက်တာ သိပ်မရှိ။ ထို့ကြောင့် ဒီဆိုင်လေးကို ရွေးခဲ့တာ သူပါပဲ။

"မောင်ရယ်... မြသား ဒီဆိုင်ကိုရောက်အောင် လာရတာ ကားနှစ်ဆင့်တောင် စီးရတယ်"

ဟု လက်ကိုင်ပဝါလေးနှင့် မျက်နှာပေါ်က ချွေးစလေးတွေကို သုတ်ပစ်ရင်း ပြောတတ်ပုံလေးကိုလည်း သတိရ၏။ ခုတော့ ဒီဆိုင်က မျက်နှာစာတွေ တိုးချဲ့လျက် အပြင်အဆင်တွေလည်း ပြောင်းနေပြီ။ စားပွဲထိုးတွေလည်း လူသစ်တွေပါ။ ဆိုင်ကြီး ကြီးသွားသလောက် စားပွဲထိုးတွေများ လာတော့ လူက ခပ်ကျဲကျဲဖြစ်သွားသည် ထင်၏။ ကောင်တာနောက်မှာ ရေးထားသည့် ရနိုင်သည့် စားဖွယ်တွေကတော့ အစုံပါပဲ။

"တမန်"

"ဟင်"

"မင်း ငါပြောနေတာကို စိတ်ဝင်စားရဲ့ လား"

"ဆက်ပြောပါ။ ကြားနေတာပဲဟာ"

ဖြေပုံက မကျေနပ်စရာပေမယ့် ညီညီကတော့ ဆက်ပြောဖို့ ပြင်ဆင်သည် ။ တမန်ဟာ ဟိုတုန်းကတည်းက ဒီပုံစံပဲ နေခဲ့တာ။

"မင်းပဲ မြသားရောင်ရဲ့ နှလုံးသားကို ယူထားတဲ့ ကောင်မလေးကို စိတ်ဝင်စားတယ်ဆိုလို့ "

"အဲဒါကြောင့် ဆက်ပြောခိုင်းနေတာ"

တမန်က လှည့်မကြည့်ဘဲ ပြောသည် ။ ညီညီက ခေါင်းညိတ်၏။

"အစက ဒီကောင်မလေး သေမလိုဖြစ်တာကွ။ ရောဂါသည် က မ သေဘဲ မြသားရောင်က ချက်ချင်းကြီး ဆေးရုံရောက်တာတဲ့ ။ အဲဒီမှာ မြ သားရောင် ဆုံးသွားပြီ ကြားတာပဲ။ ငါဆို အံ့ဩလွန်းလို့ ကိုယ်တိုင် ရော က်သွားခဲ့တာ"

တမန် မျက်နှာပြန်လှည့်လာသည် ။ သူ့ဆီကိုတော့ မဟုတ်ပါ။ တစ်ဝ က်ကျိုးနေပြီဖြစ်သည့် ကော်ဖီပန်းကန်ကို ငုံ့စိုက်ကြည့်၍ အံကြိတ်နေ၏ ။ ဒီလိုကျတော့လည်း ညီညီ ဆက်ပြောရမှာ ကိုပင် မပြောရက်သလို ဖြစ် သွားခဲ့သည် ။ မြသားရောင်ကို တမန်ချစ်တာ သူ သိသည် ။

သူမက တမန့်ရဲ့ အချစ်ဦးဖြစ်သလို သူမကို ပိုင်ဆိုင်ဖို့ ခွန်အားတွေ မွေးဖွားဖို့ စသော ရည်ရွယ်ချက်တို့ ၏ မြစ်ဖျားခံခဲ့ခြင်းဟာ သူမကိုချစ် သော အချစ်ပဲဖြစ်သည် ။

သို့သော် တမန်က စိတ်ဓါတ်မာကျောသည် ။ နောက်ထပ် အမြင်တွေ ကျယ်လာရင်း ချစ်သူကို ပိုင်ဆိုင်ဖို့ ရည်ရွယ်ချက်တွေထဲမှာ ဘဝအတွက် လိုအပ်ချက်တွေကို သိမြင်လိုချင်လာသောအခါ တမန့်အာရုံထဲမှာ အချစ် က ဒုတိယဖြစ်သွားခဲ့၏။

ဒါလည်း သူပဲ နားလည်ခဲ့တာပါ။

"ငါ နိုင်ငံခြားကို ထွက်ခဲ့တာ နိုင်ငံခြားကို အထင်ကြီးလွန်းလို့ မဟု တ်ဘူး ။ ပျော့ညံ့သွားမိမှာ စိုးလို့ ။ အမြဲတမ်း အလုပ်လုပ်နေရင်း အား လုံးကို ငါ မေ့ထားချင်တာ"

ဟု တမန်ပြောခဲ့ဖူး၏။

"မင်း မသိဘူး။ ငါ သူ့နားမှာ ရှိရင် ချစ်တဲ့ စိတ်တွေပဲ ဖိနှိပ်များ လာ

မှာ ။ သူ့ဘက်က ပစ်ခတ်နေတဲ့ လေတွေနဲ့ ငါ့ရဲ့ မခံချင်စိတ်ကြောင့် ငါ ဘာကောင်မှ မဖြစ်လိုက်ရဘဲ မိန်းမယူမိမှာ ။ ငါ အဲဒီလို မဖြစ်ချင်ဘူး။ သူ စွန့်စားရဲတယ်ဆိုရင်တောင် ငါက ခွင့်မပြုဘူး။ ဘာဖြစ်လို့ လဲဆိုတော့ စွန့်စားတဲ့ နေရာမှာ ငါက ရဲရင်မင်းဖြစ် ဆိုတာမျိုးကို လိုချင်တာ။ ကြောက်ကန် ကန်ရင် နွံနစ်မှာ ပေ့ါ”

အချစ်မှာ ရွေးချယ်မှုတွေ၊ ကန့်သတ်ချက်တွေ မရှိဘူးဆိုတာ တမန့်ရင်ထဲမှာ မရှိခဲ့ပေ။

“ငါ အားလုံးထက်ချမ်းသာမှ ဖြစ်မှာ ”

ဆိုသည့် စကားနောက်မှာ စတင်လှုပ်ရှားခဲ့လိုက်တာ ချစ်သူတစ်ယောက် ဆုံးရှုံးခဲ့ရသည် ။ ဘယ်လိုပြောရမလဲ…။

“ဟင်း”

ကိုယ့်အတွေးနဲ့ ကိုယ် ညီညီ သက်ပြင်းချမိပြီးမှ …

“အဲဒီကျမှ ငါ အားလုံး ကြားခဲ့ရတာကွ။ မြသားရောင်က သူ့ကိုယ်သူ အခြေအနေ မဟန်မှန်းသိကတည်းက သူမသေခင် သူ့နှလုံးကို သူ့ညီမလေးကို ပေးဖို့ ။ အဲဒီအချိန်မှာ ရွှေသားသွင်က ရောဂါကျွမ်းနေပြီကွ။ တစ်ယောက် အသက်ရှင်ဖို့ တစ်ယောက်က သေဆုံးခဲ့ရသလိုပါပဲ။ တစ်သက်လုံး ပျော့ခွေလာခဲ့တဲ့ ရောဂါသည် က မသေဘဲ မသက်ဆိုင်တဲ့ သူက ချက်ချင်းကြီး ဖြစ်သွားတာ”

“သူ နမိုးနီးယားဖြစ်သွားတယ် ဆိုတာ သေချာလို့ လား ညီညီ။ အိမ်က ပေးစားတဲ့ လူကို မငြင်းနိုင်တော့လို့ ဆေးတွေဘာတွေများ သောက်လိုက်တာလား”

တမန် ဒီစကားကိုဖြတ်မေးတော့ ညီညီ လက်ကာပြ၏။

"လုံးဝ မဟုတ်ဘူး ။ ရိုးရိုးတန်းတန်း ဖျားပြီး ဆုံးသွားတာ သေချာတယ်။ သူ့ကိုကုတဲ့ ဆရာဝန်ကို ငါ မေးခဲ့တာပဲဟာ"

"ငါ ဒီထက် သေချာသိချင်တယ်"

"ဘာလဲ... မင်းက ရွှေသားသွင်ကို မေးချင်တာလား။ မဖြစ်နိုင်ဘူး"

တမန် ဒူးနှစ်ဖက်ပေါ် လက်တင်ကာ ခေါင်းငိုက်စိုက်ချသလို ငုံ့ပစ်လိုက်၏။ ငုံ့နေရင်း ထပ်ပြောသည် ။

"မေးချင်တာ မဟုတ်ဘူး ။ မြသားရောင်ရဲ့ နှလုံးသားကို ငါ စိတ်ဝင်စားတာ"

"ဘာ"

"ရွှေသားသွင်ရဲ့ ရှင်သန်ခြင်းကို ငါ စိတ်ဝင်စားတယ် ညီညီ"

"မင်းကွာ"

"ချစ်တာ၊ မုန်းတာကို နှလုံးသားက ခံစားတာပဲ။ သူ ဒီတိုင်းသေဆုံးခဲ့ရင် အားလုံးက ပြီးပါပြီ။ အခု သူ့ရင်ကိုခွဲပြီး နှလုံးကို တစ်ယောက်ရင်ဘတ်ထဲ ထည့်ပေးခဲ့တယ်။ သူ သေသွားတာ မဟုတ်ဘူး ။ သူ့ရင်ခုန်သံကို ငါ ကြားနိုင်သေးတယ်"

ညီညီ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ဒီလိုအတွေးမျိုး သူ ဘယ်တုန်းကမှ မတွေးခဲ့ဖူးပါ။ မျက်နှာပြန်မော့လိုက်တော့ တမန့်မျက်ဝန်းတွေက စူးရဲနေကြ၏။

"ရွှေသားသွင်ရဲ့ ဘေးကကောင်က ဘာလဲ"

"သူငယ်ချင်းလား၊ ရည်းစားလား၊ ငါ မသိဘူး။ ဒါပေမဲ့ အဲဒီမိသားစုထဲမှာ အခွင့်အရေး ရထားတဲ့ သူတစ်ယောက်ပဲ"

"မြသားရောင်ကို ငါ မပေးနိုင်ဘူး"

"ဘယ်လို"

"ရွှေသားသွင် အဲဒီကောင်ကို ဘယ်လိုပဲ သဘောထားခဲ့ ထားခဲ့ မြသားရောင်နှလုံးသားနဲ့ အခု ခံစားခွင့် မရှိတော့ဘူး။ ငါ ပိုင်ဆိုင်ဖို့ ရင်းနှီးကြိုးစားခဲ့တာတွေ ဘာမှ အရာမထင်ဘဲ သူများ အေးအေးဆေးဆေး ကောက်ယူသွားတာကို ငါ ခွင့်မပြုနိုင်ဘူး"

"မင်း ဘာလုပ်မလို့ လဲ"

တမန် မဖြေပါ။

"ထားလိုက်တော့ ညီညီ။ မင်းကို ငါ့ညွှန့်သည် တွေနဲ့ မိတ်ဆက်ပေးမယ်။ လုပ်ငန်းကိစ္စ ဆွေးနွေးမယ်။ ဒါပေမဲ့ အခု လမ်းခွဲပြီးတာနဲ့ တစ်ပတ်တိတိ ငါ နားမယ်။ မင်း မလာနဲ့ ဦး"

"အေးပါ"

"နောက် ဆန်းဒေးမှာ ငါ ဖုန်းဆက်မယ်။ သူတို့ လည်း အဲဒီအချိန် ရောက်လာမှာ ပဲ။ မြန်မာပြည်မှာ ဘွားခနဲ ပြန်ပေါ်လာမယ့် 'နေတမန်' ဟာ ဟိုတုန်းက နေတမန် ဆိုတာ ဘယ်သူမှ ထင်ကြမှာ မဟုတ်ဘူး ။ အဲဒါ တစ်ကပြန်စမယ့် ငါ့ဘဝပဲ"

*